# ထမင်းရုံးတစ်ခွ

"ဘာရှိဦးကလေးများ မပါဘူးလားဗျာ ကိုတင်မောင်၊ ပါရင် လုပ်စမ်းပါဦး"

ကျွန်တော်သည် စားပွဲခုံတွင် ငုံ့၍စာကြည့်နေသဖြင့် ဖျတ်ခနဲလန့်၍ သွားမိ၏။ သူ၏ကိုယ်မှာ ချမ်းအေးသောတန်ဆောင်မုန်းလဆုတ်ရက်ပင်ဖြစ်သော်လည်း ချွေးများပြန်လျက်ရှိလေသည်၊ ထိုသူကား ကျွန်တော်တို့နှင့် သင်္ဘောဒုတိယတန်းထဲတွင် အတူစီးလာသော ဦးသိန်းထွန်းဖြစ်၏ ။ ကျွန်တော်က ပြည်မြို့မှ မန္တလေးသို့ အသွားတွင် ဦးသိန်းထွန်းသည် သရက်မြို့မှ ဆင်း၍လိုက်ပါလာသောသူ ဖြစ်၏ ။ ရာဇဝတ်ဝန်ထောက်ကလေးတစ်ယောက်ဖြစ်ပြီးလျှင် အလွန်ဖော်ရွေသောသူတစ်ယောက်လည်း၊ ဖြစ်သည့်အတိုင်း ကျွန်တော်တို့မှာ ခရီးသွားရင်း မိတ်ဆွေများ ဖြစ်ခဲ့လေသည်။

ထိုည ကျွန်တော်သည် ညဉ့်ဦးက လက်ဖက်အတော်များများ စားထားသဖြင့် အိပ်မပျော်သောကြောင့် ဧည့်ခန်းစားပွဲတွင် အချိန်အတော် ညဉ့်နက်သည့်တိုင်အောင် စာတစ်အုပ်ကိုဖတ်လျက်ရှိရာမှ ယင်းကဲ့သို့ ရုတ်တရက်ဦးသိန်းထွန်း ရောက်

လာသည်ကို လန့်ဖျပ်၍သွားခြင်းဖြစ်လေသည်။

"နေပါဦး ခင်ဗျားတာဖြစ်လာတာလည်း၊ ဈေးတွေက လည်း ရှိလို့"

ဦးသိန်းထွန်းသည် သူ၏လည်ပင်းကို ပွတ်မဲ့၍ မှတ်သပ်ကာ အတော်ကြာ စကားမပြောဘဲရှိနေပြီးနောက် . . .

"ပြောရမှာတော့ ရှက်စရာပါဗျာ၊ ထမင်းလုံးတစ္ဆေ ခြောက်တာနဲ့ တူပါတယ်"

"ဘာဗျ၊ ထမင်းလုံးတစ္ဆေခြောက်တယ် ဟုတ်စ။ ကြီးရည်ရာဗျာ။ ကလေးမဟုတ်၊ သူငယ်မဟုတ်"

"ကျုပ်က ဒီအမှုအကြောင်း စိတ်ထဲစွဲနေတယ်ဗျ။ ဒါကြောင့်လား မသိဘူး၊ ကိုင်းဗျာ . . . ဘာရန်ဒီသာ လုပ်ပါဦး၊ ပြီးတော့ ဒီအမှုအကြောင်း ကျုပ်ပြောပြပါ့မယ်"

ကျွန်တော်သည် ဦးသိန်းထွန်းအား ဘရန်ဒီအရက် အနည်းငယ်ကို ပေးလိုက်ရာ ဦးသိန်းထွန်းလည်း ဖန်ခွက်ထဲတွင်ရှိသမျှကို အကုန်မော့ချလိုက်ပြီးနောက် ကျွန်တော့်အနီးရှိ ရွက်ဖျင်ကုလားထိုင်ပေါ်တွင် ထိုင်ပြီးလျှင် စီးကရက်ဘူးကို အိတ်ထဲမှထုတ်၍ စီးကရက်တစ်လိပ်ကို ကျွန်တော့်အားလှမ်းပေးပြီးနောက်၊ တစ်လိပ်ကိုမီးညှိလိုက်လေသည်။

"ထမင်းလုံးတစ္ဆေဆိုတာ ခင်ဗျားမယုံဘူးလား ကိုတင်မောင်"

"မယုံပါဘူးဗျာ၊ ရှိတာမှမဟုတ်ဘဲ"

"ကိုင်း ဒါဖြင့် ခင်ဗျားကိုပြောပြရသေးတာပေါ့"

သရက်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့်ချောင်းငယ်တစ်ခုရှိ၏။ ထိုချောင်း



ကလေး၏ အဖျားပိုင်းမှာ ရွှံ့ညွန်များ အလွန်ထူထပ်သဖြင့် မှက်၊ ခြင်၊ ယင်ရဲများ ပေါများသောဒေသဖြစ်လေသည်။ ထိုချောင်းကလေး၏ ရွှံ့ညွန်များထူထပ်ရာ ကမ်းဘက်၌ တိုက်ခံအိမ်ကြီးတစ်လုံးရှိ၍ ထိုတိုက်ခံအိမ်ကြီးတွင် စုံထောက်ရာဇဝင်အုပ် ကိုဘသန်းနှင့် ဇနီးမခင်ခင်တို့ နေထိုင်လေသည်။

ထိုတိုက်ခံအိမ်ကြီးမှာ ရှေးအိမ်ကြီးတစ်ဆောင်ဖြစ်၍ အလွန်ခိုင်ခံ့ထူထဲသော သစ်များဖြင့် ဆောက်လုပ်ထားရာ ချောင်းဘက်မှတက်လျှင်လည်း ၁၀ ပေခန့်မြင့်သော မတ်ဆောက်သည့် အုတ်နံရံကြီးကို တွေ့ရလေသည်။ ၎င်းမှာ ချောင်းဘက်ကို ကျောပေးပြီးလျှင် လမ်းဘက်သို့ မျက်နှာမူလျက်ရှိရာ ကိုဘသန်းနှင့် မခင်ခင်တို့မှာ ထိုအိမ်ကြီးတွင် အေးချမ်းစွာ နေခဲ့ကြလေသည်။

ကိုဘသန်းမှာ ယခု ရေးသားဖော်ပြသောအချိန်၌ အသက် ၄၀ ခန့်မျှရှိပြီဖြစ်၍ မခင်ခင်မှာမူ ကိုဘသန်းထက် ၁၅ နှစ်မျှငယ်ပြီးလျှင် ရုပ်ရည်လှပခြင်းဖြင့်လည်းကောင်း၊ ပါးနပ်ဖျတ်လတ်ခြင်းဖြင့်လည်းကောင်း လူသိများသူ ဖြစ်လေသည်။

ကိုဘသန်းသည် သရက်မြို့တွင် ၃ နှစ်မျှအမှုထမ်းခဲ့ပြီးနောက် အထက်မင်းဘူးမြို့သို့ ပြောင်းရွှေ့ရတော့မည်ဖြစ်ရာ ရာဇဝတ်ဝန်ကလေး ဦးသိန်းထွန်းကိုယ်တိုင် သူ၏ရာဇဝင်ကို လာရောက်စစ်ဆေး၏။ ဤသို့လျှင် ဦးသိန်းထွန်းသည် သရက်မြို့သို့ ရောက်လာပြီးနောက် ကိုဘသန်းတို့အိမ်၌ပင် တည်းခိုလျက်ရှိလေသည်။

ဦးသိန်းထွန်းသည် သူပြောမည့်ဇာတ်လမ်းကို မစမီ

အထက်ပါအကြောင်းအရာများကို "ဘွဲ့ခံ" သည့်အနေဖြင့် ပြော
ပြခြင်းဖြစ်လေသည်။

(စီးကရက်တစ်လိပ်ကို ထပ်၍ညှိပြီးနောက်) "ဒါနဲ့ ကျုပ်လည်း အလုပ်တွေများနဲ့ သရက်မြို့ရောက်လာပြီး သူ့အိမ် မှာပဲ တည်းခိုနေရတာပေါ့ဗျာ၊ ဒီလူက တယ်ပြီး လူပေါင်းသ ပေါင်း ကောင်းတဲ့ လူတစ်ယောက်မဟုတ်ဘူးဗျ၊ စကားပြေ တဲ့နေရာမှာရော၊ ပေါင်းသင်းတဲ့နေရာမှာရော ဘယ်နေရာမှ ရေ ချင်ငံမရှိဘူး၊ မိန်းမကတော့ ရုပ်ချောသလောက် အပြေ ကောင်းတဲ့ ဘက်မညီတဲ့ လင်မယား ကျုပ်ဖြင့် တစ်ခါမှမတွေ့ ဖူးဘူး"

"ဟုတ်ကဲ့ ပြောပါဦး"

"ကျုပ်ရောက်လို့ ၃-၄ ရက်လောက်ကြာတော့ ည ထမင်းစားသောက်ပြီးတဲ့အခါ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ပြီ စကားစမြည်ပြောနေရာက ကိုဘသန်းက ဝိုကာတစ်ပွဲလောက် ဆွဲရအောင်လို့ အကြံပေးတာကိုးဗျ။ ဒီတော့ ကျုပ်က မဆွဲရ ပါဘူးဗျာ၊ နေ့လယ်ကလည်း တစ်နေ့လုံး စာရေးနေရလို့ ညောင်းညာပြီး စောစောအိပ်ချင်တဲ့အကြောင်းပြောတော့ သူ့ မိန်းမကလည်း ဟုတ်ပါတယ်မောင်ရယ်၊ မောင်လည်း အမှု ပြီး လှည်းနဲ့ပြန်လာခဲ့တာ စောစောစီးစီးအိပ်ရင်မကောင်းဘူ လား၊ ကျွန်မဖြင့် ထမင်းစားပြီးနဲ့လို့ အခုတောင်ငိုက်လာပြီ ပြောတာကိုး ကိုတင်မောင်ရဲ့"

"ဒီတော့ ဘာပြောသလဲ"

"ဟော့ ခင်ခင် မင်းလိုအိမ်မှာ အလကားနေရတဲ့လူ များ မောပန်းပြီး အိပ်ချင်နေသေးသလား၊ မင်းက အိပ်ချင်ရင်



ငါက မအိပ်ချင်သေးဘူးဆိုတာပြမယ်၊ ငါ ရုံးသွားပြီး အလုပ် လုပ်ဦးမယ်၊ သွားအိပ်ချေဆိုပြီး "ဒိုင်း ဒိုင်း" နဲ့ အိမ်ပေါ်က စိတ်ဆိုး၊ မာန်ဆိုး ဆင်းသွားတာပါပဲ ကိုတင်မောင်ရယ်"

"သူ့ရုံးက ဘယ်မှာလဲဗျ"

"ဂတ်တဲမှာပေါ့ဗျာ၊ ဂတ်တဲက တယ်မဝေးလှဘူး၊ တစ်ခေါ်သာသာလောက်ဝေးတယ်၊ အရင်ကလည်း ဒီလိုပဲတဲ့ ဗျ၊ မိန်းမနဲ့ စကားပြောမတည့်လို့ စိတ်မထင်တဲ့အခါ ဂတ်တဲ သွားပြီး ညဥ့်နက်သန်းခေါင် အစီရင်ခံစာရေးနေတတ်တယ်၊ တစ်ခါတစ်လေများ မိုးလင်းအားကြီးမှ အိမ်ပြန်လာသတဲ့ ကိုတင်မောင်ရဲ့"

"မိန်းမနဲ့လည်း တယ်မသင့်မြတ်ဘူး ထင်ပါရဲ့ဗျာ"

"အမှန်တော့ ဒါကြောင့်လည်း တစ်ကြောင်းပဲ ကိုတင် မောင်၊ ကိုဘသန်းက အိမ်ထောင်ရေးအတွက် စိတ်မချမ်းမသာ ရှာဘူး၊ ဒီနောက် ကျုပ်လည်း မခင်ခင်နဲ့ စကားပြောနေတယ်၊ ကျုပ်က သရက်မြို့မှာ နေရဆိုင်ရတာ တော်တော်ကောင်းရဲ့ မဟုတ်လားလို့မေးတော့၊ အမယ်လေး မကောင်းပါဘူး အစ်ကို ကြီးရယ်၊ ဒီမြို့က အစားအသောက်ရှားတယ်၊ အပေါင်းအသင်း လည်း မရှိဘူး၊ ပြီးတော့ ချောင်းနဲ့နီးလို့ ညတိုင်းခြင်ကိုက်လိုက် တာလည်း မပြောပါနဲ့တော့၊ ဘယ်နေရာများ သွားပြီးကောင်း ဦးမှာလည်း အစ်ကိုကြီးရယ်တဲ့။ ဒီအထဲမှာ အဆိုးဆုံးကတော့ အစ်ကိုကြီးရဲ့ ညီတော်မောင်ပါပဲ။ လင်နဲ့မယားဆိုပြီး ဘယ် အခါမှ မျက်နှာချင်းဆိုင်လို့ အေးအေးချမ်းချမ်း နေရတဲ့အကွက် တစ်ကွက်မှမရှိဘူး၊ ကိုယ်မချမ်းသာတာထက် စိတ်မချမ်းသာ တာ အဆိုးဆုံးမဟုတ်လား အစ်ကိုကြီးရဲ့လို့ ပြောရှာတယ်ဗျ"

"အင်း . . . ဒီဟာလည်း ဟုတ်မယ်မှာပဲဗျာ
"နောက် ကျုပ်က ဒါထက်ဘာမှုများ သူစစ်နေရလို
အစုလောက် အရေးတကြီး ညအချိန်မတော် ရုံးသွားပြီး အလုပ်
လုပ်ရတာလဲ မခင်ခင်ရဲ့လို့မေးတော့ . . . မခင်ခင်က မပြော
တတ်ပါဘူး အစ်ကိုကြီး၊ သူပြောတော့ မင်းတုန်းနယ်က ကရင်
ရွာကလေးတစ်ရွာမှာ သူတို့အရှင်းရှင်း ညအိပ်နေတုန်း လည်
ပင်းဖြတ်သတ်တဲ့အမှု စုံစမ်းနေသတဲ့ အစ်ကိုကြီးရဲ့၊ ဒီအမှု
ကြောင်း ကျွန်မကို သူမကြာမကြာပြောဖူးတယ်၊ အတော်သ
စိတ်ဝင်စားပုံရတယ်၊ သူ့အပြောတော့ ဒီတရားခံဟာ စိတ်ညို
တဲ့ အတတ်တတ်ပြီး သေတဲ့လူကို အိပ်မွေ့ချပြီး အိပ်ပျော်နေတ
အခါမှာ လည်ပင်းဖြတ်သတ်တဲ့အမှု ဆိုထင်ပါရဲ့၊ အတော်တော
ထူးဆန်းတဲ့အမှုပဲ အစ်ကိုကြီးရယ်လို့ ပြောတယ်ဗျ"

"ဒါနဲ့ ကျုပ်လည်း သူ့ယောကျ်ားအကြောင်း စကား
ရှည်မနေချင်တာနဲ့ စကားလက်စဖြတ် မခင်ခင်ကို သူ့အခန်း
နားထိလိုက်ပို့ပြီး ကျုပ်အခန်းကျုပ်ပြန်ခဲ့တာကိုးဗျ၊ နာရီဝက်
လောက်လဲကြာရော တစ်ခါတည်း အိပ်ပျော်သွားတာပဲဗျာ
မနက်မိုးလင်းမှ တစ်ရေးတည်းနိုးတယ်ပြောကြပါစို့။ ခုန်းခုန်
နိုင်းနိုင်း အသံတွေကြားတာနဲ့ အိပ်ရာက လန့်နိုး . . . မျက်
လုံးဖွင့်ကြည့်လိုက်တော့ မိုးစင်စင်လင်းနေပြီ၊ ဒါနဲ့ အိပ်ရာထ
နေရင်း . . . နားထောင်လိုက်တော့ မခင်ခင်နဲ့ အိမ်မှာနိုင်းတ
မိန်းမကြီးရော၊ တောက်တိုမယ်ရနိုင်းတဲ့ ကောင်လေးရော
ကိုဘသန်းတပည့် မောင်ဆောင်းဆိုတဲ့ လူတစ်ယောက်ရော
ကိုဘသန်းကို ခေါ်မရနိုင်တာနဲ့ အခန်းတံခါးကို အပြင်
အတင်းတွန်း၊ အတင်းဖွင့်နိုးနေတာ တွေ့ရတာကိုဗျ . . .

အကျိုးအကြောင်းမေးတော့ ကိုဘသန်းဟာ ညက ဘယ်အချိန်
ပြန်လာမှန်း မသိဘူးတဲ့။ ခါတိုင်း မနက်စောစောနိုးပြီး သူ
လက်ဖက်ရည်သောက်နေကျလူ မနိုးသေးတော့ မခင်ခင်လည်း
သက်မကောင်းဖြစ်လာပြီး၊ အိမ်နီးချင်းဖြစ်တဲ့ မောင်ဆောင်းသွား
ခေါ်၊ သူ့တပည့်လက်သားတွေနဲ့ တံခါးကိုအပြင်ဘက်က အ
တင်းထုရိုက်နေတာတွေ့ရတာပဲဗျာ၊ ဒါနဲ့ ကျုပ်ကိုယ်တိုင်
သက်မကောင်းဖြစ်လာပြီး၊ မိန်းမတွေအသာနောက်အရှတ်နိုင်း
ပြီး မောင်ဆောင်းနဲ့ နှစ်ယောက်တစ်ပြိုင်နက် ပခုံးနဲ့ဝင်ဆောင့်
တော့မှ တံခါးဟာ အတွင်းက လက်ယှက်ပြုတ်ထွက်သွားပြီး
ကျုပ်တို့နှစ်ယောက်လည်း အခန်းထဲအားလွန်လဲကျသွားတာ
ပါပဲ"

"အင်း . . . ပြောပါဦး၊ အခန်းထဲမှာ ဘယ်လိုတွေ့ရ
သလဲ"

ကိုဘသန်းဟာ သူ့အိပ်ရာပေါ်မှာ သေနေရှာပြီ၊ မျက်
လုံးနှစ်လုံးကလည်း ပြူးထွက်လို့၊ နှုတ်ခမ်းကလည်း ပြဲပြီး
လျှာကလည်း အပြင်ကိုပြူထွက်နေတယ်၊ လည်ပင်းကိုတောင်း
ညှစ်သတ်တာ ယုံမှားစရာ မရှိပါဘူးဗျာ။ ဒါနဲ့ သူ့ယောကျ်ား
အလောင်းလည်းမြင်ရရော မခင်ခင်ဟာ အမယ်လေး အသေ
ဆိုးလှချည်လား ကိုဘသန်းရဲ့ ဆိုပြီး တစ်ချက်သာအော်နိုင်
တယ်၊ မေ့လဲသွားရှာတယ်၊ ဒီတော့ အလောင်းကိုသေသေချာ
ချာမကြည့်နိုင်သေးခင် မခင်ခင်ကို သူ့အခန်းထဲမွေ့ခေါ်သွား
ကြပြီး မနည်းဘဲ သတိပြန်လည်လာအောင် လုပ်ကြရတယ်"

"အင်း . . . ပြောစမ်းပါဦး၊ အလောင်းကို သေသေချာ

ရှာကြည့်တော့ ဘာတွေ့ရသလဲ"

"ကိုဘသန်းဟာ အိပ်ရာပေါ်မှာ ပက်လက်လှန်ပြီး နေနေတယ်၊ မွေ့ရာအလယ်ခေါင်မှာ စန့်စန့်ရန့်ရန့်ပဲ၊ တစ်ယောက်အိပ်ခြင်ထောင်ကလည်း သေသေချာချာချလို့၊ နံဘေးပတ်ပတ်လည်တောင် ကျကျနနညှပ်ထားလိုက်သေးဗျာ၊ ညာဘက်လက်က နံဘေးမှာထားတဲ့ခေါင်းအုံးတစ်လုံးပိုက်ပြီး သူ့လည်ပင်းဆီကိုရောက်နေတယ်၊ ရန်သူကို ကာကွယ်တဲ့အနေမျိုးပေါ့၊ လည်ပင်းမှာတော့ လက်ဝဲဘက်က လက်လေးချောင်းရာကြီးထင်ပြီး အဖျားမှာ သွေးကလေးတွေတောင် စို့နေတယ်၊ ဘယ်လောက်များ ညှပ်ထားတဲ့ဒဏ်ရာပြင်းသလဲဆိုတာ ကြည့်တော့ လက်မထောက်တဲ့နေရာမှာ အရေပြားတောင် ပွန်းနေတယ်ဗျ၊ လည်မျိုကိုညှပ်တဲ့အကြောင်းကတော့ ကောင်းကောင်းကြီး ထင်ရှားတာပဲ၊ နောက်စဉ်းစားဖို့တစ်ချက်က လည်ပင်းဖြစ်သတ်တာတော့ ဟုတ်ပါပြီ၊ လူသတ်သမားဟာ အခန်းထဲကို ဘယ်လို ဝင်သလဲဆိုတဲ့အချက်ပဲဗျ"

"ဟုတ်တာပေါ့ဗျာ၊ ဒါအရေးကြီးတဲ့အချက်ပဲ"

"ဒီနေရာမှာ အခန်းနေပုံနဲ့ သူတို့လင်မယားဟာ တစ်အိပ်ရာတည်း မအိပ်ဘဲ ကုတင်တစ်လုံးစီနဲ့ တစ်ခန်းစီအိပ်တဲ့အကြောင်း ခင်ဗျားကို ပြောရဦးမယ်"

"ဪ . . . တစ်ခန်းစီ အိပ်တာကို၊ ဒါကြောင့် ကျုပ်လည်း စဉ်းစားနေတာ"

"ကိုဘသန်းက သူတို့လင်မယား ရကတည်းက ဘယ်တော့မှ ကုတင်တစ်လုံးတည်း အတူတူမအိပ်ဘူးတဲ့ဗျ၊ တစ်ယောက်အိပ်ကုတင်တစ်လုံးစီနဲ့ အိပ်ကြဆိုသကို ကိုတင်မောင်ရဲ့"



"ဒိုင်ဆန်တာပေါ့ဗျာ . . . ပြောစမ်းပါဦး"

"ကိုဘသန်း အိပ်တဲ့ကုတင်က ကျုပ်တို့အတင်းချိုးဝင်တဲ့ မျက်နှာချင်းဆိုင်ထောင့်မှာရှိတယ်၊ ပြီးတော့ ကုတင်ဟာ ချောင်းဘက်ကို ဖွင့်လို့ရတဲ့ ပြတင်းပေါက်ကို ကပ်နေတယ်၊ ဒါကြောင့် အခန်းထဲကို လူသတ်သမားဝင်နိုင်တဲ့ နည်းလမ်း ၃ ခုပဲရှိတယ်၊ ပထမ ကျုပ်တို့ချိုးဝင်တဲ့ တံခါးကဝင်ရမယ်၊ ဒုတိယ မခင်ခင် အခန်းဘက်နဲ့ ကူးထားတဲ့တံခါးကရင်လည်း ဝင်ရမယ်၊ ဒါမှမဟုတ် တတိယပြတင်းပေါက်က ဝင်ရမယ်၊ ကိုင်း . . . ကိုတင်မောင် အခန်းနေပုံနဲ့ ကိုဘသန်းအိပ်တဲ့ကုတင်တည်ရှိပုံကို သိလောက်ရောပေါ့"

"သိပါပြီဗျာ"

"ဒီတော့ ပထမအချက်ကို ကျုပ်တို့စဉ်းစားစမ်း၊ အထဲက မျောက်လက်ချပြီး ၃ ၂ လက်မလောက်ထူတဲ့တံခါးကို အပြင်ကနေပြီး ဘယ်နည်းနဲ့မှ မဖွင့်နိုင်ဘူး၊ မနက်ကျတော့လည်း အတွင်းက အသေအချာပိတ်ထားလို့ ကျုပ်တို့တောင် မနည်းရိုက်ချိုးပြီး ဝင်ရတယ်မဟုတ်လားဗျ၊ တကယ်လို့ ဒီတံခါးကဝင်တယ်ထားဦး၊ လူသတ်သမားဟာ ကိုဘသန်းလည်မျိုကို ညှစ်သတ်ပြီး ပြန်ထွက်သွားတဲ့အခါ ဘယ်နှယ်လုပ်ပြီး အတွင်းကမျောက်လက် ချထားနိုင်မှာလဲ ကိုတင်မောင်ရဲ့၊ ဒီတော့ လူဆိုးဟာ ရှေ့တံခါးက ဝင်တယ်ဆိုတဲ့ ပထမမှန်းဆချက်ကို ကျုပ်တို့ပယ်ရလိမ့်မယ်၊ ကိုင်း . . . ဒီတော့ ဒုတိယအချက် ကျုပ်တို့ စဉ်းစားကြဦးစို့"

"ဟုတ်ကဲ့"

"ဒီလို . . . ကိုတင်မောင်ရဲ့၊ ကိုဘသန်းအိပ်တဲ့အခန်း

နဲ့ မခင်ခင်အိပ်တဲ့အခန်းကို တံခါးတစ်ခုတည်းနဲ့ ဆက်ထားတယ်ဗျ၊ ကိုဘသန်း အခန်းဘက်ကလည်း မင်းတုန်းထိုးထားနိုင်တယ်၊ မခင်ခင်ဘက်ကလည်း မင်းတုန်းထိုးထားနိုင်တယ်၊ အဆုံးမတော့ နှစ်ယောက်သဘောတူမှသာ တစ်ယောက်အခန်းကို တစ်ယောက် ကူးနိုင်တာပေါ့ဗျာ၊ ပြီးတော့ ကျုပ်တို့ရှေ့တံခါးကို ဖျက်ဝင်တဲ့အခါ အဲဒီ မခင်ခင်ဘက်ကူးတဲ့ တံခါးဟာ အတွင်းက မင်းတုန်းထိုးထားတာ တွေ့ရတယ် ကိုတင်မောင်ရဲ့ ဒီတော့ ပထမအချက်ကို စဉ်းစားတဲ့အတိုင်း ကျုပ်တို့စဉ်းစားလိုက်ရင် ဒီတံခါးကလည်း မဝင်နိုင်ဘူးဆိုတာ ထင်ရှားနေတယ် မဟုတ်လား"

"ထင်ရှားတာပေါ့"

"ကိုင်း . . . ဒီတော့ ဒုတိယအချက်လည်း ကျုပ်တို့ပယ်ထုတ်ရလိမ့်မယ်၊ တတိယဖြစ်တဲ့ နောက်ဆုံးအချက်ပဲ ကျန်တော့တယ်၊ နောက်ဆုံးတစ်ချက်က ပြတင်းပေါက်ပဲဗျ၊ ဒီလို ကိုတင်မောင်ရဲ့၊ ကိုဘသန်းနေတဲ့ အိမ်ကြီးပုံက ခံတပ်လိုလို၊ ရဲတိုက်လိုလို ဆောက်ထားတဲ့ ရှေးအိမ်ကြီးဗျ၊ ဘေးနဲ့လမ်းဘက်က ဝရံတာမရှိဘူး၊ အောက်ခြေကနေပြီး အတောင် ၂၀ လောက်မြင့်တဲ့ နံရံကြီးဟာ အပေါ်ထပ် အိမ်မကြီးအထိပဲ၊ ကျုပ်ဖြင့် ဘယ်လိုသတ္တဝါမျိုးမှ တက်နိုင်မယ်မထင်ပါဘူးဗျာ၊ သို့သော် အင်မတန်မြင့်တဲ့လှေကားနဲ့များ ချောင်းစပ်မှာရှိတဲ့ ညွန့်ထဲကများ ထောင်တက်ရင်တော့ မပြောတတ်ပေဘူး၊ အဲဒီဘက်က ပြတင်းပေါက် ၂ ပေါက်ပဲရှိတယ်၊ တစ်ပေါက်က ကိုဘသန်းအိပ်တဲ့ အခန်းဘက်က၊ တစ်ပေါက်က မခင်ခင်အိပ်တဲ့အခန်းဘက်က တစ်ပုံစံတည်းပဲ၊ ဒီတော့ ကျုပ်လည်းပဲ



ပြတင်းပေါက်ကို သေသေချာချာကြည့်တော့ အတွင်းအပြင် ဘာမှ ခြေရာလက်ရာမပျက်ဘူးဗျ၊ ပြီးတော့ တစ်ခုရှိသေးတယ်၊ တကယ်လို့ သတ်တဲ့လူဟာ အဲဒီ ပြတင်းပေါက်ကျော်တက်ပြီး အခန်းထဲ ဝင်တယ်ထားဦး၊ ကိုဘသန်းကုတင်က ပြတင်းပေါက်နဲ့ တစ်မိုက်လောက်ပဲ ကွာတော့ ဒီကြားထဲ သူဘယ်နည်းနဲ့ ဆင်းမလဲ၊ ကိုတင်မောင်ရယ်၊ ဒီဟာလည်း မဖြစ်နိုင်ပါဘူး၊ ဒါနဲ့ . . . ဒီတွင်းအားမရသေးဘဲ အိမ်ကြီးဟိုဘက်က တွေ့ပြီး ချောင်းထဲဆင်း၊ အိမ်ကြီးနောက်ဖေးတည့်တည့် လှေနဲ့လာ၊ နံရံအောက်ရောက်တော့မှ ခပ်ထပ်ထပ်ဖြစ်နေတဲ့ ညွန့်စပ်မှာ ရှာဖွေကြည့်တာကို ကိုတင်မောင်ရဲ့"

"ဒီတော့ ဘာတွေ့ရသေးသလဲ"

"ပြတင်းပေါက်တည့်တည့်နေရာမှာ ခြေရာတွေတွေ့ရတယ်၊ နို့ပေမယ့် ခြေရာတွေက ရှုပ်နေလို့ မသဲကွဲလှပါဘူး၊ ပြီးတော့ တွင်းကလေးနှစ်တွင်းတွေ့ရတယ်၊ ကိုတင်မောင်ရဲ့၊ တစ်တွင်းနဲ့တစ်တွင်း တစ်တောင်လောက်ဝေးတယ်"

"အဲဒီဟာက ဘာလဲ ဦးသိန်းထွန်းရဲ့"

"လှေကားနဲ့ ထောင်တက်လို့ လှေကားထောက်တဲ့နေရာ ရွှံ့ဗွက်ထဲမှာ ထင်ကျန်ရစ်ခဲ့တဲ့ နေရာပေါ့ဗျာ"

"ကိုဘသန်း အခန်းဘက်က ပြတင်းပေါက်အောက်မှာ ဟုတ်စ"

"ဟင့်အင်း မဟုတ်ဘူး၊ မခင်ခင် အခန်းဘက်က ပြတင်းပေါက်အောက်တည့်တည့်မှာတွေ့ရတာ"

"ဟင် . . . ဟုတ်လား"

"ပြီးတော့ ကိုဘသန်းလို ဗလကောင်းတဲ့ လူတစ်

ယောက်ကို လည်ပင်းအတင်းဖျစ်တဲ့အခါ ရုန်းရင်းဆန်ခတ်ဖြစ်တဲ့ အသံ မခင်ခင်က နည်းနည်းမှ မကြားဘူးလားဗျား၊ တစ်ခုကလည်း အခန်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် ထွေးလုံးတဲ့ လက္ခဏာလည်း ဘာမှမတွေ့ရဘူးဗျ၊ ပြီးတော့လည်း ခြင်ထောင်ကို ဘေးက ကျကျနနဖိညှပ်ထားတာတောင် ခြေရာ လက်ရာ မပျက်ဘူးကိုတင်မောင်ရဲ့"

ဒီဟာကတော့ ခြင်ထောင်ကို သတ်တဲ့လူက ပြန်ဖိထားခဲ့ရင် ဖြစ်နိုင်တာပဲ၊ ဒါထက် မခင်ခင် ပြတင်းပေါက်အောက်မှာလှေကားထောင်တဲ့နေရာ တွေ့တယ်ဆိုတဲ့အကြောင်း ပြောစမ်းပါဦး"

"တစ်ခုံတစ်ယောက်က လှေကားနဲ့ထောင်တက်လို့ နွံ့ထဲမှာ လှေကားထောက်တဲ့အရာထင်ရင် အပေါ်က ပြတင်းပေါက်အောက်မှာလည်း ရှိရမယ်ဆိုပြီး ရှာတာပေါ့ဗျာ၊ နွံ့ပေမယ့် ရှာတဲ့အခါ မခင်ခင်ကို ဥပါယ်တံမျဉ်နဲ့ တခြားလွှတ်ပြီးမှရှာရတယ်ဗျ၊ ဒီတော့မှ ပိုထင်ရှားတာပဲဗျို့၊ ပြတင်းပေါက်ပေါင်ပေါ်မှာ နွံ့ပေနေတဲ့ဘိနပ်နင်းထားတဲ့ ခြေရာတစ်ဘက်ကို တွေ့ရတာကို ကိုတင်မောင်ရဲ့"

"ဒါဖြင့် မခင်ခင် အခန်းဘက်ကို လူတစ်ယောက် ပြတင်းပေါက်က ကျော်ဝင်တာအမှန်ပေါ့"

"မှန်ရုံတွင်ဘယ်ကမလဲဗျား၊ မခင်ခင်အခန်းကို ဝင်တာ ဘယ်သူဘယ်ဝါဆိုတာတောင် သိရတယ်"

"ဘယ်လို သိရပုံလဲ၊ ပြောစမ်းပါဦး"

"သိရပုံက ဒီလိုဗျ၊ အောက်က လှေကားထောင်တက်တဲ့လူဟာ လှေကားကို ဘာနဲ့ယူလာသလဲ၊ လှေနဲ့ယူလာရမယ်



ကိုတင်မောင်၊ ဒီပြင်နည်းလမ်းဘာမှမရှိဘူး၊ ဒီတော့ အနီးဆုံး လှေဆိပ်ကို ကျုပ်လိုက်ရှာတော့ လှေကားတင်နိုင်လောက်အောင်ကြီးတဲ့ လှေတစ်စင်းလည်းတွေ့ရတယ်၊ အဲဒီ ဘိနပ်ရာက ပတ္တူနောက်ပိတ်ဘိနပ်ရာဗျ၊ ဒီပြင်ခြေရာ ဘာမှမရှိဘူး ဒီခြေရာပဲရှိတယ်၊ ဒီခြေရာဟာ လှေပေါ်ကိုလှေကားတင်ယူလာတဲ့ လူရဲ့ခြေရာဖြစ်ရမယ်"

"အင်း . . . အကျိုးအကြောင်း ဆက်စပ်ပြီး ခင်ဗျားက လိုက်တာကို"

"ဒီခြေရာတွေ့တော့ ကျုပ်က မောင်ဆောင်းကိုအကျိုးအကြောင်းပြောပြတဲ့အခါ မောင်ဆောင်းက ဒီလိုဘိနပ်မျိုးစီးတတ်တာ ဂတ်တဲမှာ စာသင်ကိုမြမောင်ဆိုတဲ့ လူတစ်ယောက်ပဲရှိတယ်ဆိုတာ သိရတယ်၊ ကိုင်း ဒီလောက်ပြောရင် စုံလင်လောက်ပါပြီ"

* * * * *

"ဒီတော့မှ ကျုပ်အခန်းပြန်လာပြီး စဉ်းစားခန်းထုတ်ရတာကိုဗျ၊ ဘယ်သူပဲဖြစ်ဖြစ် မခင်ခင်အခန်းထဲကို ဝင်တဲ့လူဟာ မခင်ခင်နဲ့ တင်ကြိုပြီး အချိန်းအချက်မရှိဘဲ မဝင်နိုင်ဘူး မဟုတ်လား၊ အချိန်းအချက်က ဘယ်လိုရည်ရွယ်ချက်လဲ၊ မခင်ခင်ဟာ ဒီလူနဲ့ မျောက်မထားတယ်ဆိုတာတော့ ထင်ရှားပြီ သို့သော် မျောက်မထားတာနဲ့ လူသတ်မှုနဲ့က တခြားစီ ကိုတင်မောင်ရဲ့၊ ဒီလူဟာ ကိုဘာသန်းအခန်းထဲကိုရောက်ပြီး ကိုဘာသန်း လည်ပင်းကို ဖျစ်သတ်တယ်ဆိုမှသာ ဒီလူတရားခံဖြစ်မှာကိုး၊ မခင်ခင်အခန်းထဲဝင်ပြီး မခင်ခင်နဲ့အိပ်ရုံနဲ့ သူ လူသတ်တရားခံ မဖြစ်နိုင်သေးဘူး၊ ယောနိုးမှုပဲဖြစ်မယ်၊ ဒီတော့ မခင်ခင်ကပဲ

ကိုဘသန်းအခန်းဘက်ကို ဝင်နိုင်အောင် သူလင်ငယ်ကိုပဲတံခါး ဖွင့်ပေးသလားဆိုတာ ကျုပ်စဉ်းစားမိတယ်၊ သို့သော် ဒီစဉ်းစား ချက်ကို မထောက်ခံတဲ့အချက် ၃ ချက်ကျုပ်တွေ့ရတယ်၊ ပထမ အချက်က မနက်စောစော ကိုဘသန်းအိပ်တဲ့ အခန်းတံခါး ခေါက်နိုးတဲ့အခါ မခင်ခင်ရဲ့ အမူအရာဟာ သူ့ယောကျ်ားသေ နေတာ မသိတဲ့ အင်မတန်ရိုးသားတဲ့ လက္ခဏာရှိတယ်ကိုတင် မောင်ရဲ၊ (ဟန်ဆောင်ပြီး မာယာလုပ်နေရင် မဖြစ်နိုင်ဘူးလား လို့ မေးစရာရှိတယ်) နို့ပေမယ့် ဒီမျက်နှာဟာ အပြစ်မရှိတဲ့ မျက်နှာဖြစ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းကြီး ယုံကြည်ခဲ့ တယ်၊ ဒုတိယအချက်က ကိုဘသန်းလို ဇလကောင်းတဲ့လူတစ် ယောက်ကို လည်ပင်းညှစ်သတ်ဖို့ရာ မလွယ်ဘူးကိုတင်မောင်၊ အခန်းထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်လဲကွဲပြီးမှသာ ကိစ္စတုံးနိုင် မယ်၊ အခုတော့ ကိုဘသန်းရဲ့အခန်းထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ် တဲ့လက္ခဏာဆိုလို့ နည်းနည်းမှမတွေ့ရဘူးဗျ၊ ပြီးတော့ ကျုပ် အိပ်တဲ့အခန်းလည်း ဝေးတာမှမဟုတ်ဘဲ ကိုတင်မောင်၊ ကျုပ် အအိပ်မဆတ်ဘူးပဲထားပါအုံး၊ ဒီလောက်တောင်အသံတွေ ကြားရင် ကျုပ်မနိုးဘဲ နေနိုင်ပါ့မလားဗျာ၊ ကိုင်း တတိယ အချက်ရောက်လာပြီ၊ ကိုဘသန်းက မခင်ခင်ဘက်ကို ဆောင် တော်ကူးတဲ့တံခါးဟာ တကယ်လို့ ဟိုအခါတုန်းက ကိုဘသန်း က မင်းတုံးမချဘဲထားလို့ မခင်ခင်သဘောတူချက်အရနဲ့ သူ့ ဘက်က ဝင်နိုင်တယ်ထားဦး၊ သတ်ပြီးလို့ မခင်ခင့်အခန်းဘက် ပြန်လာတဲ့အခါ ကိုဘသန်းဘက်က တံခါးမျောက်လက်ကို ဘယ်သူက ချထားနိုင်မလဲဗျာ၊ ကိုဘသန်းအခလောင်းကို ကျုပ် တို့ ပထမတွေ့တုန်းက အဲဒီဆောင်တော်ကူးတံခါးက မင်းတုန်း



ကို အတွင်းကချထားတာ တွေ့ရတယ် ကိုတင်မောင်ရဲ့ အတော့ မခင်ခင်သော်လည်းကောင်း၊ သူ့လင်ငယ်သော်လည်းကောင်း၊ နှစ်ယောက်စလုံးသော်လည်းကောင်း ကိုဘသန်းအခန်းဘက် မရောက်ဘူးဆိုတာ ထင်ရှားနေတာပေါ့"

"ဦးသိန်းထွန်း စဉ်းစားပုံကတော့ စနစ်ကျပါပေရဲ့ ခင်ဗျာ"

(ကျွန်တော်ပြောသည်ကို ပဓာနမထားဘဲ ဆက်လက်၍) "အဲဒီတော့ ကျုပ်တို့မှာ ထင်ရှားတဲ့အချက်နှစ်ချက်တော့ရ ပြီ၊ ပထမအချက်က မခင်ခင်ရဲ့အခန်းထဲကို လူတစ်ယောက် ဟာ ချောင်းဘက်က လှေကားထောင်တက်ဝင်တယ်၊ ပြီးတော့ ဒုတိယအချက်က ကိုဘသန်းအခန်းထဲကို ဘယ်သူမှမရောက် ဘူး၊ နောက် အဲဒီအချက်နှစ်ချက်ကို ထောက်ထားခြင်းအားဖြင့် မခင်ခင်ရဲ့အခန်းထဲကို လူတစ်ယောက်ဝင်တဲ့ကိစ္စနဲ့ ကိုဘသန်း သေဆုံးရတဲ့ကိစ္စဟာ ဘာမှအဆက်အသွယ်မရှိဘူးဆိုတာ ထင် ရှားတယ်၊ ဘယ့်နဲ့လဲကိုတင်မောင်၊ ကျုပ်ပြောတာ သဘော ပေါက်ပြီ မဟုတ်လား"

"ပေါက်ပါပြီဗျာ"

"နို့ပေမယ့် ဉပဒေအရပဲကြည့်ကြည့်၊ အလွတ်မျက်စိနဲ့ ပဲကြည့်ကြည့် ဒီလူအပေါ်မှာ ကိုဘသန်းအမှုနဲ့ပတ်သက်ပြီး သက်သေမကောင်းဖြစ်ဖို့ အချက်ကိုတော့ ကျုပ်တော့မျောက်မျက် လို့မရဘူးဟုတ်"

"ဟုတ်ပါတယ်"

"လူသတ်မှု ဖြစ်ပွားတဲ့အချိန်လောက်မှာ သေတဲ့လူနေ တဲ့အခန်းနဲ့ ကပ်နေတဲ့အခန်းထဲကို တိတ်တဆိတ်ကျူးကျော်

ဝင်ရောက်တဲ့လူဟာ သက်သေကောင်းဖြစ်ဖို့ အကောင်းဆုံးလူပဲ မဟုတ်လား ကိုတင်မောင်ရဲ့"

"မှန်တာပေါ့ခင်ဗျာ"

"ဒီတော့ ဒီလိုလူကို ကျုပ်ဖမ်းမှပဲ၊ နို့မဟုတ် မဖမ်းခင် ကျုပ်ဆီကို သူ့တန်းတန်းမတ်မတ်ပေါက်လာပါလေရော ကိုတင်မောင်ရယ်"

"ဟင် . . ."

"ကျုပ်က သူ့ဖမ်းမယ်လို့ စီစဉ်နေတုန်း ကျုပ်ဆီကို သူရောက်လာတယ်ဗျ၊ အိမ်မှာနိုင်းတဲ့ သူငယ်ကလေးဝင်လာပြီး စာသင် ကိုမြမောင်ဆိုတဲ့ လူတစ်ယောက်က တွေ့ချင်တဲ့ အကြောင်းပြောလာပါရော ကိုတင်မောင်ရယ်၊ ဒါနဲ့ ကျုပ်က ခေါ်ခဲ့ဖို့ အခွင့်ပေးလိုက်တော့ ကျုပ်အခန်းထဲ သူဝင်လာပြီး ကျုပ်ကို အရိုအသေပေးတော့ ကျုပ်ကလည်း နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးရတာပေါ့လေ၊ သူက ဆရာနဲ့တွေ့ရတာ အင်မတန်ဝမ်းသာပါတယ် ဆရာတဲ့၊ ဆရာအကြောင်းကိုလည်း ကျွန်တော်ကြားပါတယ်။ ကိုဘသန်းဟာ အခုလိုဖြုန်းခနဲ သေသွားတာကြားတော့ ငါမသွားလို့မဖြစ်ချေဘူးဆိုပြီး အခုဆရာကို လာတွေ့တာပါပဲတဲ့၊ သူ့ကိုကြည့်ရတာ သေးသေးသွယ်သွယ်ပဲ ကိုတင်မောင်ရဲ့၊ အားခွန်ဗလလည်း မရှိလှပါဘူး၊ အသက်ကတော့ ၂၆ နှစ် ၂၈ နှစ်လောက်ပဲ ရှိဦးမယ်ထင်တယ်၊ လုပ်ပုံပန်းကလည်း သနားကမားပဲ"

"ပြောပါဦးဗျာ"

"မင်း ဒီသတင်း ဘယ်ကကြားသလဲလို့ မေးတော့ မခင်ခင်က ပြောလို့သိရပါတယ်တဲ့၊ ဒီတော့ ကျုပ်က ခင်ဗျား



ပြောတဲ့အတိုင်း ငါမသွားလို့မဖြစ်ဘူးဆိုတာ ဘာအဓိပ္ပါယ်လဲ မောင်မြမောင်ရဲ့လို့ မေးတာကို၊ ဒီတော့ သူဟာ ပထမနည်းနည်းတုန်လှုပ်သလို စကားပြောနေရာက သူ့ကို ယုံကြည်လောက်အောင် ဣန္ဒြေဆယ်လိုက်ပြီး ဆရာသိပြီလား၊ မသိသေးဘူးလားတော့ မပြောတတ်ဘူး၊ ကျွန်တော်မနေ့ညက ဒီအိမ်ကိုရောက်တယ် ဆိုတဲ့အကြောင်း ဆရာပြောချင်လို့ လာတာပါပဲတဲ့၊ ဒီတော့ ကျုပ်က ကိုင်း မောင်မြမောင် မင်းကဒီလိုဟုတ်မှန်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်းဖွင့်ပြောလို့ရှိမှ ဆရာလည်း ပြောရတာပေါ့၊ မင်းဒီအိမ်ကို မနေ့ညက လာတဲ့အကြောင်း ဆရာသိပြီးပြီကွဲ့၊ သိလိုတဲ့အချက်တစ်ခုက မင်းဘာကြောင့် လာရသလဲဆိုတာ ရှင်းပြောစေချင်တယ်လို့ ပြောလိုက်တယ်လို့ ပြောလိုက်တယ်။ ကျုပ်ဒီလိုလည်းပြောလိုက်ရော သူလည်း မငြိမ်မသက်လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အင်းပြောဖို့ သိပ်ကြပ်တာပဲ ဆရာဆိုပြီး သက်ပြင်းသာချနေတော့တာပဲဗျို့၊ ဒီနောက် ကျုပ်တို့အချင်းချင်း စုံထောက်နဲ့တရားခံလို အပြန်အလှန်မေးမြန်းနေကြတာပါပဲဗျာ၊ ခင်ဗျား နားပိုရှင်းအောင် ကျုပ်ကမေးတာ၊ သူက ပြန်ဖြေတာကိုအခု ကျုပ်ပြောပြမယ်"

သိဒ်နီး။ "ကိုင်း မောင်မြမောင် မင်းဟာ မခင်ခင်အခန်းထဲကို မနေ့ညက ရောက်နေတယ်ဆိုတဲ့အကြောင်း ဆရာကိုယ်တိုင်စုံထောက်လို့ သိရပြီ"

မြ။ "ဪ ဒီထိအောင် ဆရာသိနေမှကိုး၊ ဆရာအခွင့်နဲ့ ကျွန်တော် မခင်ခင် ပထမတွေ့ပါရစေ ဆရာ"

အစေခံ သူငယ်ကလေးသွားခေါ်၍ မခင်ခင်ရောက်

Quality Publishing House

လာပြီးနောက် . . .

သိန်း။ "ကိုင်း . . . မခင်ခင် အခုဒီကိစ္စမှာ ပေဟာဒီက မောင်မြမောင်အပေါ်မှာ သင်္ကာမကင်းဖို့အချက်တွေ ဖြစ်လာတယ်၊ ဒါကြောင့် မောင်မြမောင်ဟာ ခင်ဗျားအခန်းကို ဘာကြောင့်ရောက်လာသလဲဆိုတာ ခင်ဗျားတော့ ပြောနိုင်လိမ့်မယ်လို့ မျှော်လင့်ပြီး အခုခေါ်တာပဲ"

သိန်း။ "ဘာဖြစ်လို့ ခင်ဗျားက ခေါ်ရတာလဲ"

ခင်။ "သူ့ကို တွေ့ချင်လို့ပါပဲ၊ သူနဲ့ကျွန်မနဲ့ မေတ္တာရှိနေကြပါတယ်ရှင်၊ ပြီးတော့ ဒီတစ်ခေါက်တည်း မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ သူမကြာခဏ ကျွန်မနဲ့ချိန်းပြီးလာနေကျပါ"

သိန်း။ "ကိုင်း ထားပါတော့၊ ဒီနောက် ဘာဖြစ်သလဲ"

ခင်။ "ကျွန်မနဲ့ စကားပြောနေပြီး ၁၁ နာရီလောက် သူ ပြန်သွားတယ်ရှင့်"

သိန်း။ "ဒီတော့ ကိုဘသန်း အလုပ်ကပြန်မရောက်သေးဘူးပေါ့"

ခင်။ "ဟုတ်ကဲ့ . . . ပြန်မရောက်သေးဘူး၊ သူနာရီပြန်နှစ်ချက်လောက်မှ ပြန်ရောက်တယ်"

သိန်း။ "ခင်ဗျား ဘယ့်နှယ်လုပ်သိသလဲ"

ခင်။ "ခြေသံကြားလိုက်တယ်ရှင့်၊ ပြီးတော့ အခန်းထဲ လမ်းလျှောက်ပြီး အဝတ်လဲနေတာ ကျွန်မကြားသားပဲ၊ နောက်ချက်ချင်းပဲ ကျွန်မအိပ်ပျော်သွားတယ်"

သိန်း။ "မခင်ခင် အခန်းဘက် သူ ကူးလာသေးသလား"



ခင်။ "မလာပါဘူးရှင်၊ သူနဲ့ ကျွန်မနဲ့ အဆက်အဆံမရှိတာ သုံး လေးလရှိပါပြီ၊ ဒါထက် အခုအမှုမှာ ကိုမြမောင် ဘာမှမသိပါဘူးရှင်"

သိန်း။ "နို့ပေမယ့် မခင်ခင်က မောင်မြမောင်ကို ချစ်ကြိုက်တဲ့အတွက် အခန်းထဲမှာ တိတ်တဆိတ်လက်ခံတယ်။ အဲဒီညမှာ မခင်ခင်ယောကျ်ား အသတ်ခံရတယ်၊ အဲဒီအသတ်ခံရတဲ့လူကလည်း မခင်ခင်ယောကျ်ားကြီး ဖြစ်တယ်ဆိုတော့ မောင်မြမောင်အပေါ်မှာ သင်္ကာမကင်းဖို့အချက်တွေ အများကြီးရှိတာပေါ့"

ဦးသိန်းထွန်းက ဆက်လက်၍ ကျွန်ုပ်အား . . .

"အဲဒီနောက် . . . ကျုပ်တို့လည်း သုံးယောက်စလုံးကိုဘသန်းအခန်းထဲ ပြန်ဝင်ကြည့်ကြပြန်တယ် ကိုတင်မောင်ရဲ့ အလောင်းရဲ့လည်ပင်းမှာ ထင်နေတဲ့လက်ရာကို မှန်ဘီလူးနဲ့ သေသေချာချာပြန်ကြည့်တော့ လက်လေးချောင်းရာဟာ . . . ရှက် အင်မတန်ကြီးပြီး . . . မောင်မြမောင် လက်ချောင်းနဲ့ ကျုပ်တိုင်းကြည့်တယ်၊ နည်းနည်းမှမတူပါဘူးဗျာ၊ မောင်မြမောင် လက်ချောင်းကလေးတွေက သေးသေးသွယ်သွယ်နဲ့ အများရှူးကလေးတွေပဲ ကိုတင်မောင်ရဲ့"

"ဒါဖြင့် မောင်မြမောင် မဟုတ်ရင် တခြားလူတစ်ယောက်ဖြစ်မှာပေါ့"

"တခြားလူတစ်ယောက်ရဲ့လက်တော့ ဖြစ်ရမှာပေါ့လေ၊ ဒါနဲ့ ကျုပ်လဲ စိတ်ကူးတစ်မျိုးပေါက်ပြီး သေတဲ့လူ ကိုဘသန်းလက်ကို ကြည့်မိတယ်၊ ကိုဘသန်းလက်ချောင်းတွေဟာ အင်မတန်ကြီးပြီး သူ့လည်ပင်းမှာထင်နေတဲ့ လက်ချောင်းရာ

ကြီးတွေနဲ့ ဟပ်ကြည့်တဲ့အခါ တထေရာတည်း တူနေတာကို ကိုတင်မောင်ရဲ့"

"ဒါဖြင့် သူ့လည်ပင်း သူညှစ်တယ်လို့ ခင်ဗျားဆိုလိုချင်တာပေါ့"

"ကျုပ်ပြောတာ နားထောင်ဦးလေ၊ ဒီဟာတွင်မက သေးဘူး၊ သူ့လက်ချောင်းလက်သဲကြားကလေးတွေမှာ သွေးစကလေးတွေ တွေ့ရတယ်ကိုတင်မောင်ရေ၊ သူ့လည်ပင်းက ဒဏ်ရာမှာလည်း လက်ချောင်းရာ အမျှားတွေမှာ သွေးစို့နေတာ အစက ခင်ဗျားကို ကျုပ်ပြောပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ ပြောပြီးပါပြီ"

"ပြီးတော့ ကျုပ် အခုပြောခဲ့တဲ့အချက်တွေကို အားလုံး စပ်ဟပ်ပြီး ကြည့်လိုက်တဲ့အခါ ကိုဘသန်းအခန်းထဲ ဘယ်သူမှမဝင်ဘူး၊ သူ့လည်ပင်းက ဒဏ်ရာဟာလည်း သူ့လည်ပင်းကို သူ့လက်နဲ့ ဖျစ်ညှစ်တဲ့ဒဏ်ရာဖြစ်ရမယ်လို့ စဉ်းစားစရာအချက်တွေဟာ ပိုပြီးထင်ရှားလာတယ်မဟုတ်လား"

"ဟုတ်သပေါ့ဗျာ ဘယ့်နှယ် ကိုယ့်လည်ပင်းကိုယ် ဖျစ်ညှစ်သတ်ရတယ်လို့ ထူးပဲ ထူးဆန်းလွန်းလှ ဦးသိန်းထွန်းရယ်၊ ဘာကြောင့် သတ်ရတာလဲဗျ၊ ရည်ရွယ်ချက်က ဘာလဲ"

"ဘယ်ကလာပြီး ရည်ရွယ်ချက်ရှိရမှာလဲ ကိုတင်မောင်ရဲ့၊ မတော်တဆဖြစ်သွားမှာပေါ့၊ ဘယ်သူက သတ်သလဲ သိလား"

"ရှိ . . . ခင်ဗျားပြောတော့ သူ့ကိုယ်သူ သတ်တယ်ဆို"

"သူ့ကိုယ်သူ သတ်တာတော့ ဟုတ်ပါတယ်၊ ဘာကြောင့်လဲဆိုတာ ခင်ဗျားရိပ်မိရဲ့လား"

"ပြောပါဦး ဦးသိန်းထွန်း"

"ကိုဘသန်းသေတဲ့နေ့ ညမှာ ဘာအမှုအကြောင်း သူ အစီရင်ခံစာ ရေးနေသလဲ"

"သြော် . . . ကျုပ်သိပြီ ဦးသိန်းထွန်းရေ၊ ခင်ဗျားပြောတဲ့ မင်းတုန်းနယ် ကရင်ရွာတစ်ရွာက အိပ်မွေ့ချပြီး လည်ပင်းဖျစ်သတ်တဲ့ အမှုအကြောင်း သူရေးနေတာဖြစ်မှာပေါ့"

"ဟုတ်တာပေါ့ဗျာ၊ နောက်တော့ သူဟိုညက ရေးထားခဲ့တာ အမှုတွဲမှာ တွေ့ရသားပဲ၊ ဒီလူက ဘာပဲလုပ်လုပ် စိတ်ရောကိုယ်ပါနဲ့ အမှုထဲမှာ အင်မတန် စိတ်ဝင်စားတဲ့လူတစ်ယောက်ဗျ၊ ဒါနဲ့ အမှုအကျိုးအကြောင်းရေးပြီး အိပ်ပြန်လာလို့ အိပ်တော့ သူ့စိတ်ထဲမှာ ဒီအမှုကစွဲနေတယ်၊ စိတ်ပညာစာအုပ်တွေ ကိုတင်မောင်လည်း ဖတ်ဖူးမှာပေါ့၊ စိတ်စွဲလို့ အိပ်မက်တယ်၊ အိပ်မက်ထဲမှာ ကြောက်စရာအကောင်ကြီးတွေ၊ အရိုးစုကြီးတွေကလိုက်လို့ ပြေးရတယ်၊ ဘီလူးစီးတယ်၊ ထမင်းလုံးတစ္ဆေခြောက်တယ်ဆိုတာ ကြောက်မှုပြင်လို့ အင်မတန်ကြည်လင်တဲ့ လူ့ရဲ့ ဟဒယဝတ္ထုရုပ်မှာ ကိုယ်ပြုဖူး၊ တွေ့ဖူး၊ ကြုံဖူးတဲ့ အာရုံခံစားမှုတွေဟာ ရုပ်ရှင်ပြသလို အရိပ်အရောင်တွေထင်လာခြင်းပဲ ကိုတင်မောင်၊ ကျုပ်တို့တစ်ခါတစ်လေ လက်ပေါ်ကိုခေါင်းအုံးမိနေတဲ့အခါ ဒါမှမဟုတ်လို့ ကိုယ်နဲ့အတူ အိပ်တဲ့လူတစ်ယောက်က ကိုယ့်လက်ကို ထိလာတဲ့အခါ လက်ကိုတစ်ခုခုညှပ်နေတယ်လို့ အိပ်မက်ပြီး တစ်ခါတစ်လေများ ဖောချွေးတွေပြန်တဲ့အထိ အိပ်မက်ထဲမှာ လက်ကိုနှုတ်လို့မရဘူး"

"ဟုတ်တယ် ဦးသိန်းထွန်းရေ"

"တစ်ခါတစ်လေများ ခြေထောက်ဟာ ကုတင်အောက်တန်းနဲ့ ညပ်နေလို့ အိပ်မက်ထဲမှာ ပြေးလိုက်ရတာ ခြေနှုတ်လို့မရဘူး"

"မှန်တာပေါ့ဗျာ၊ ခင်ဗျားပြောတာ အခုမှ ကျုပ်စဉ်းစားမိတယ်"

"ဒီအမှုမှာလည်း ကိုဘသန်းဟာ လည်ပင်းဖျစ်သတ်တဲ့အမှု သူကိုယ်တိုင်စစ်လား၊ သူကိုယ်တိုင် အစီရင်ခံစာရေး ညအိပ်တော့ သူ့ညာဘက်လက်နဲ့၊ လည်ပင်းနဲ့ ခေါင်းအုံးပေါ်ကကျော်ပြီး သွားထိတဲ့အခါ သူ့လည်မျိုကို သူညှစ်မိပြီး၊ လက်ျာဘက်လက်က သူ့ရန်သူ၊ လက်ဝဲဘက်လက်က သူ့နဂိုစိတ်၊ နို့ပေမယ့် လက်ယာလက်ကို လက်ဝဲဘက်လက်က မနိုင်တော့ဘူးဗျ၊ အသက်ထွက်သည်အထိ ခံလိုက်ရရှာတော့တာပဲ၊ စိတ်ဆိုတာ အင်မတန်ဆန်းကြယ်တာကလား ကိုတင်မောင်ရယ်၊ လက်ျာဘက်ရဲ့ အာရုံခံစားမှုကို လက်ဝဲဘက်က မသိဘူး၊ ထို့အတူ လက်ဝဲဘက်ရဲ့ အာရုံခံစားမှုကိုလည်း လက်ျာဘက်က မသိဘူး၊ တချို့ဟာ အိပ်မက်မက်ပြီး ခေါင်းအုံးနံဘေးမှာ ထားတဲ့ဓားနဲ့ အနားမှာရှိတဲ့ လူတစ်ယောက်ယောက်ကို ထိုးမိတတ်တယ်၊ ဒီလိုဟာမျိုးတွေ ခင်ဗျားတွေ့ဖူးမှာပေါ့"

"ဟုတ်ကဲ့ တွေ့ဖူးပါတယ်"

"အင်း ကိုဘသန်းလည်း ဒီစိတ်ချောက်ချားမှု ခံသွားရတာပေါ့ဗျာ၊ အင်းလေ . . . မယားသစ္စာဖောက်တာကို သိမသွားဘဲ အခုလိုဖြစ်သွားရတာလည်း တစ်နည်းတော့ ကောင်းတာပဲမို့"

ဤနေရာသို့ ရောက်သောအခါ ဦးသိန်းထွန်းက ဆက်လက်ရယ်မောလျက် "ကျုပ်တော့ ကိုဘသန်းအကြောင်း စဉ်းစားအိပ်မိလို့ လူတစ်ယောက်က ကျုပ်လည်ပင်းဖျစ်သလို အိပ်မက်မက်ပြီး တစ်ခါတည်း အသက်ရှူကြပ်သလိုဖြစ်သွားတာပါပဲဗျာ၊ အခုထက်ထိ လည်ပင်းနာနေသေးတယ်"

"ကိုင်း ဒါဖြင့် တစ်ခွက်လောက်ထပ်ကျိုက်လိုက်ဦး"

"ကျေးဇူးပါပဲ ကိုတင်မောင်ရယ်"

* * * * *